
## ဟင်းဂလာပြာ

Scientific name - *Cleome rutidosperma* DC.

Common name - Fringed spiderflower

Family - Capparaceae






### အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ပျော့မျိုးဖြစ်၍ ထောင်မတ်လျက် သို့မဟုတ် တစ်ခါတစ်ရံ ပြန့်ကားလျက် ပေါက်ပြီး ၁၀၀ စင်တီမီတာအထိမြင့်သည်။ ပင်စည်သည် ရှည်လျားသေးသွယ်၍ အစိမ်းရောင်ရှိပြီး ထောင်မတ်သော အမွေးများပါရှိသည်။ အရွက်သည် သုံးမြွာရွက်ပေါင်းဖြစ်၍ ရွက်ညှာသည် ရှည်သည်။ ရွက်မြွာများသည် ဘဲဥပုံ သို့မဟုတ် ရှည်သွယ်၍ အဖျားချွန်သောဥပုံရှိသည်။ အရွက်မျက်နှာပြင်တွင် အမွေးနုလေးများရှိ၍ ရွက်နားချောသည်။ အလယ်ရွက်မြွာသည် အကြီးဆုံးဖြစ်သည်။ ပန်းခိုင်သည် ကြားထွက်ပန်းခိုင်ဖြစ်ပြီး ထီးတည်းပန်းပွင့်များရှိသည်။ ပန်းပွင့်များသည် ပွင့်ချပ် ၄ ခုပါပြီး ခရမ်းဖျော့ရောင်၊ အဖြူရောင် သို့မဟုတ် ပန်းရောင်ရှိသည်။ အသီးသည် ထုလုံးရှည်ပုံ အက်ကွဲသီး ဖြစ်သည်။ အစေ့အားဖြင့် မျိုးပွားသည်။